မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Provice 63110 Thailand Tel : Fax (66) (055) 533 766 E-mail :
blcms@cscoms.com blcsan@ksc.th.com / Website : www.blc-burma.org

# Statement of BLC Ten Years Anniversary

## <u>မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဖွဲ့စည်းတည်ထောင်သည့် တဆယ်နှစ်မြောက်နေ့ အထိမ်းအမှတ် ထုတ်ပြန် ပန်ကြားချက်</u>

မြန်မာနိုင်ငံအား ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှု တို့လွှမ်းခြုံသော လူ့အဖွဲ့အစည်း တရပ် အဖြစ် ပြောင်းလဲရန် ကြိုးပမ်းရာတွင် ဥပဒေရှုဒေါင့်မှ အထောက်အကူ ပြုနိုင်စေရေး အတွက် လွတ်မြောက်နယ်မြေရောက် ဥပဒေသမားတစုက အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံ ရှေ့နေများကောင်စီ သည် ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့တွင် ဆယ်နှစ် သက်တမ်း တင်းတင်း ပြည့်ခဲ့ပေပြီ။

(က) မြန်မာနိုင်ငံတွင် ဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေး နှင့် ဒီမိုကရေစီ အခွင့်အရေးများ တိုးတက် ရရှိရေး အတွက် ပညာပေးရေး လုပ်ငန်းများ လုပ်ဆောင်သွားရန်။
(ခ) ဥပဒေ ရေးရာ ကိစ္စများ နှင့် အနာဂါတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကိစ္စရပ်များတွင် အကူအညီပေးရန်။
(ဂ) လူထုအခြေခံလူ့အဖွဲ့အစည်းပေါ်ထွန်းရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်။

စတင်ဖွဲ့စည်းပြီး နောက်တနှစ်ကျော် အကြာ ၁၉၉၆ ခုနှစ်မှစ၍ လူ့အခွင့်အရေး၊ ဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူထုအခြေခံလူ့အဖွဲ့အစည်း၊ ဖက်ဒရယ်ရေးရာ၊ ဒီမိုကရေစီ စသောဘာသာရပ်ကြီး များကို အဓိကထားလျှက် အခြားဘာသာရပ်များပါ ပေါင်းစပ်ကာ ပညာပေးရေး လုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်လာခဲ့ရာ ရှစ်နှစ်ခန့်ကြာမျှကာလအတွင်း သင်တန်းသားပေါင်း တထောင်ကျော်အား ပို့ချမွေးထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။ ယင်းဘာသာရပ်များတွင် နည်းပြ အဖြစ် တဆင့်ပြန်လည် ပို့ချပေးနိုင်သော ပုဂ္ဂိုလ်အမြောက်အများလည်းပေါ်ထွက်လာခဲ့ပြီး ဖြစ်သည်။

အခြေခံဥပဒေ နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဘွယ်ရာ များ ဖော်ပြရေးသားထားပြီးမြန်မာနိုင်ငံတိုင်းရင်းသားများ ဖတ်ရှုလေ့လာခွင့် ရစေရန် ထုတ်ဝေသည့် အခြေခံဥပဒေ ရေးရာစါစောင် နှင့် မြန်မာနိုင်ငံ၏ ပြဿနာများအား ဥပဒေ ရှုဒေါင့်မှသုံးသပ်တင်ပြချက်များကို နိုင်ငံတကာမှ လေ့လာခွင့်ရစေရန်ထုတ်ဝေသည့် Legal Issues on Burma Journal များအား လေးလတကြိမ် ပုံမှန် ဖြန့်ချီခဲ့ရာ ယနေ့တိုင် ဖြစ်သည်။

အခြေခံဥပဒေ၊ အခြားဥပဒေ ရေးရာများ နှင့် စပ်လျဉ်း၍ သုတေသန စါတမ်းများ ပြုစုခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများတွင် တင်ပြဆွေးနွေးခြင်း၊ လိုအပ်သလိုသီးသန့် စါအုပ်စါတမ်းများ၊ CD အခွေများ၊ ထုတ်ဝေဖြန့်ချီခြင်း၊ ရေဒီယို အသံလွှင့်ဆောင်းပါးများ ပြုစုရေးသားကါ ထုတ်လွှင့်ခြင်း၊ စသဖြင့် ဥပဒေရေးရာ ပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆယ်စုနှစ်တစု ကြာမျှလုပ် ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ အဖွဲ့ဝင် ဥပဒေပညာရှင်များ၊ ရှေ့နေကြီးများ သည် မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ တို့မှ ကမကထ ပြုရေးဆွဲသော အနာဂါတ်ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ မူကြမ်း ရေးဆွဲရေး လုပ်ငန်းစဉ်များတွင် တဦးခြင်းအရ နှစ်ပေါင်းများစွာ ပါဝင်ပူးပေါင်း လုပ်ဆောင်ကါ တတ်နိုင်သမျှ ကောင်းမှုပြုရန် ကြိုးပမ်းခဲ့ကြသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ၏ လုံခြုံမှုအား ဥပဒေကြောင်းအရ တတ်စွမ်းသမျှ လုံခြုံမှုပေးရန် ကြိုးစားခဲ့ ကြိုးစားဆဲဖြစ်သည်။ ပြည်တွင်း နအဖ အုပ်ချုပ်မှုအောက်တွင်ရှိသော တရားရုံးများမှ မှုခင်းများအပေါ် မတရား စီရင်မှုများ အနက် သတင်းအတိအကျ ရနိုင်သော မှုခင်းများကို သတင်းဌာနများ၊ နိုင်ငံတကါ အဖွဲ့အစည်းများ အကူအညီ ဖြင့် ဥပဒေ ကြောင်းမှ ဖွင့်ချဖေါ်ထုတ်ကါ မတရားပြစ်ဒဏ်စီရင်ခံရသူများ သက်သာခွင့် ရနိုင်သမျှ ရအောင် ကြိုးစားခဲ့၊ ကြိုးစားဆဲ ဖြစ်သည်။ ဒီပဲယင်း လုပ်ကြံမှုကြီး ပေါ်ပေါက်လာသော အခါ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ နှင့် ပူးတွဲ၍ ကော်မရှင် ဖွဲ့စည်းဆောင်ရွက်လျှက် ရှိသည်မှာ ယနေ့တိုင် ဖြစ်သည်။

ဆယ်စု နှစ် တစု ခန့်ကြိုးပမ်း ဖြတ်သန်း လုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံရှေ့နေများကောင်စီသည် မြန်မာနိုင်ငံ ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး တခုလုံးအတွင်းတွင် ဥပဒေကြောင်းအရတစုံတရာအားထားလောက်ဘွယ် အဖွဲ့အစည်းတရပ်အဖြစ် ပြည်တွင်းမှ ရော နိုင်ငံတကါမှပါ သတိပြုမိလာသော အဆင့်သို့ရောက်ရှိခဲ့ပြီ ဟု ယူဆပါသည်။ ဤ အဆင့်သို့ ရောက်ရှိစေရန် မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ နှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ ကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဒီမိုကရေစီရေး လှုပ်ရှား တက်ကြွသူများ၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အတတ်ပညာအရ ရော ငွေကြေးနှင့် ရုပ်ဝတ္တုအရပါ ပံ့ပိုး ကူညီခဲ့ကြသော အဖွဲ့အစည်းများ အားလုံးအား ကျေးဇူးဥပကါရ အထူးတင်ရှိပါကြောင်း မြန်မာနိုင်ငံ ရှေ့နေများကောင်စီတည်ထောင်သည့် ဤ ဆယ်နှစ်မြောက် နေ့တွင် မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံကို ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုတို့ လွှမ်းခြုံကါ တိုးတက် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းတရပ်အဖြစ် ပြောင်းလဲတည်ဆောက် ရန်မှာ ဥပဒေ စိုးမိုးရေး အားကောင်းခိုင်မာမှသာ ဖြစ်နိုင်ပါမည်။ သို့ရာတွင် ဤမျှကြီးမားသော တာဝန်ကြီးကိုမြန်မာနိုင်ငံ ရှေ့နေများကောင်စီ တခု တည်းဖြင့် ထမ်းဆောင်ရန်လည်း ဖြစ်နိုင်မည် မဟုတ်ပါ။ ဥပဒေ စိုးမိုးသော လူ့အဖွဲ့အစည်းတည်ဆောက်ရေးကို လိုလားသော ပုဂ္ဂိုလ်တိုင်း အဖွဲ့အစည်းတိုင်း ကြိုးပမ်းစွမ်းဆောင်ရမည့်တာဝန်လည်းဖြစ်သည်ဟု ခံယူပါသည်။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အနေဖြင့် ယင်းတာဝန်ကို ဦးလည်မသုန် ဆက်လက် ထမ်းဆောင်သွားမည် ဖြစ်သလို နိုင်ငံသားအားလုံး အနေဖြင့်လည်း မိမိတို့ပြည်ထောင်စု နိုင်ငံ တဝှမ်းလုံး

တွင် စစ်မှန်သော ဥပဒေ စိုးမိုးသည့် အခြေအနေများ အမြန်ဆုံး ပေါ်ပေါက်ရေး အတွက် မြန်မာနိုင်ငံရှေ့ နေများကောင်စီ နှင့် လက်တွဲကါ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

နေ့စွဲ။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့